# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၇.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသော ကိုယ်စားလှယ်များအတွက် လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ၄၂၄ ဦးဖြစ်ပြီးတော့ တက်ရောက်တဲ့ ကိုယ်စားလှယ် ၃၇၃ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူစုစုပေါင်း ၅၁ ဦးဖြစ်ပြီးတော့ ယခင်ကခွင့်ပန်ကြားသူ ၃၉ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၄ ရက်၊

(၂) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၉ ရက်၊

(၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၅) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၆) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော ခွင့် ၈ ရက်၊

(၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၉) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၉ ရက်၊

(၁၀) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် (ခ) ဦးဖိုးတုတ် ခွင့် ၈ ရက်၊

(၁၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်နှင့်

(၁၂) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။

**ပျော်ဘွယ်မြို့နယ် တရားရုံးနှင့် ဥပဒေရုံးမြေနေရာတွင် ခေတ်မီ ၂ ထပ်ရုံး တည်ဆောက်ပေးရန်နှင့် တရားစီရင်ရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနဲ့ပတ်သက်တဲ့ မေးခွန်း ၂ ခုမေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ ပျော်ဘွယ်မြို့နယ်တရားရုံးနှင့် ဥပဒေရုံးတို့ကို ခေတ်မီ ၂ ထပ်ရုံးအဖြစ် ဝန်ထမ်းများရဲ့နေအိမ်၊ လုံခြုံသောအချုပ်ခန်း၊ အမှုသည်များရဲ့ နားနေခန်းများ ပူးတွဲထည့်သွင်းပြီး တည်ဆောက်ပေးဖို့ တင်ပြရခြင်းရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ပျော်ဘွယ်မြို့မှာ အိမ်ခန်းငှားခများဟာ အနည်းဆုံး ၅၀၀၀၀ ကနေ ၁၀၀၀၀၀ ဝန်းကျင်ခန့်အထိ ရှိနေပါတယ်။ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများတို့သည် ၎င်းတို့၏ရရှိတဲ့လစာနဲ့ အိမ်လခ၊ ရေ၊ မီးစတဲ့ စရိတ်နဲ့ပင် လစာတစ်ဝက်ကျော်ခန့် ကုန်ကျနေပါတယ်။ ရပ်ဝေးမှလာသောဝန်ထမ်းများအတွက် နေအိမ်ခန်းများ ဆောက်လုပ်ပေးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာမှာ တရားမျှတမှုရှိရေးအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ဟာ ပြည်သူကို ဗဟိုပြုပြီးတော့ ပြည်သူ့တာဝန်များကို ထမ်းဆောင်နေကြချိန်ဖြစ်ပါတယ်။ အခုပဲ ပြည်သူများဟာဖြစ်သလို သစ်ပင်အောက်မှာထိုင်၍ စောင့်ဆိုင်းနေရခြင်းဟာ မသင့်တော်ခြင်းကြောင့် ခေတ်မီ ၂ ထပ်အဆောက်အအုံ ဆောက်ပေးရန် တောင်းခံရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ တရားစီရင်ရေးအထောက်အကူပြုကော်မတီ ဖွဲ့စည်းဆောင်ရွက်စေခြင်း ဟူသော မေးခွန်းနဲ့ပတ်သက်၍ မေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ယနေ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ရာတွင် အရေးယူဆောင်ရွက်ရုံနဲ့မပြီးပါဘူး။ Good Governance လို့ခေါ်တဲ့ ကောင်းမွန်တဲ့စီမံခန့်ခွဲမှု လိုအပ်မယ်လို့ယူဆပြီးတော့၊ ရည်ရွယ်ပြီးတော့မှ ဒေသခံပြည်သူထဲက ဥပဒေပညာကျွမ်းကျင်တဲ့သူ၊ အကျင့်စာရိတ္တကောင်းမွန်တဲ့ လူကြီးလူကောင်းများကို ဂျူရီလူကြီးများကဲ့သို့သော တာဝန်ထမ်းဆောင်နိုင်တဲ့ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့များနဲ့ တရားစီရင်ရေးကိုပူးပေါင်းဆောင်ရွက်ရေးနှင့် အဂတိကင်းရှင်းပြီး တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) ပျော်ဘွယ်မြို့နယ် တရားရုံးနှင့်ဥပဒေရုံးတို့သည် ၀.၈ ဧကခန့်ရှိသော မြေနေရာတွင်တည်ရှိပါသည်။ ထိုမြေနေရာတွင် ဝန်ထမ်းများ၊ နေအိမ်ခန်းများ၊ လုံခြုံသောအချုပ်ခန်းများ၊ အမှုသည်များနားနေခန်းများပူးတွဲပါသည့် ခေတ်မီ ၂ ထပ်တရားရုံး၊ ဥပဒေရုံးများ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိကိုလည်းကောင်း၊ (၂) ယခုအခါမှာ နိုင်ငံတော်အစိုးရမှ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးကို အကောင်အထည်ဖော်သည့်အနေဖြင့် ပွင့်လင်းမြင်သာမှုဖြစ်စေရန် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နေသကဲ့သို့ တရားစီရင်ရေးကဏ္ဍအနေနဲ့လည်း အဂတိလိုက်စားမှုကင်းရှင်းသော တရားစီရင်ရေး၊ တရားမျှတသော တရားစီရင်ရေးဖြစ်စေရန် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရုံးများတွင် ဂျူရီလူကြီးများကဲ့သို့သော တရားစီရင်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်စေခြင်းဖြင့် အဂတိတရားကင်းရှင်းပြီး တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်စေရန် အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ကြယ်ပွင့်ပြမေးခွန်းများနဲ့စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဦးစွာ ကြယ်ပွင့်ပြမေးခွန်းအမှတ်(က)နှင့်စပ်လျဉ်းပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တရားရုံး မြေနေရာကိုဌာနပိုင်အမည်ပေါက်ရရှိရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် လတ်တလောအားဖြင့်တော့ ခေတ်မီတရားရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကြယ်ပွင့်ပြမေးခွန်းအမှတ်(ခ) နှင့်စပ်လျဉ်းပြီးတော့ ဖြေကြားပါမယ်။ ဤမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမှ မေးမြန်းခဲ့တဲ့အတွက် ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

ယခင် တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးများက စစ်ဆေးစီရင်တဲ့ ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်းပြီးတော့ ဂျူရီနှင့်စစ်ဆေးစီရင်ခြင်းဆိုင်ရာကိစ္စရပ်တွေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၂၃ မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ အခန်း ၂၃ မှာ တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးများမှာ စစ်ဆေးစီရင်တဲ့ အမှုများနှင့်စပ်လျဉ်းပြီးတော့ ဂျူရီနဲ့စစ်ဆေးတဲ့ လုပ်ထုံးလုပ်နည်းကို မြန်မာနိုင်ငံ စက်ရှင်တရားရုံးများမှာ ၁၉၄၆ ခုနှစ်အထိ ကျင့်သုံးခဲ့ပါတယ်။ ၁၉၄၆ ခုနှစ်မှာတော့ အထူးတရားသူကြီးများအက်ဥပဒေကိုပြဋ္ဌာန်းပြီးတဲ့နောက်မှာတော့ ဒီဥပဒေအရခန့်ထားတဲ့ အထူးတရားသူကြီးများက အမှုများကို စစ်ဆေးကြားနာခဲ့ကြတဲ့အတွက် ဂျူရီနဲ့စစ်ဆေးတဲ့စနစ်ကို ထိုအချိန်ကစပြီးတော့ ကျင့်သုံးခဲ့ခြင်းမရှိတော့ပါဘူး။ အလားတူပဲ တရားလွှတ်တော်မှာလည်း ဂျူရီစနစ်ဖြင့် ကျင့်သုံးတဲ့စနစ်မရှိတော့ကြောင်းကို တင်ပြအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တရားလွှတ်တော်ချုပ် တရားသူကြီးများခန့်အပ်၍လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားသူကြီးများကို ခန့်အပ်၍လည်းကောင်း၊ ခရိုင်ရုံးများလည်း ခရိုင်အဆင့်တရားသူကြီးများ ခန့်အပ်၍လည်းကောင်း၊ မြို့နယ်အဆင့်မှာ မြို့နယ်တရားသူကြီးများခန့်အပ်

၍လည်းကောင်း အမှုများကို လွယ်ကူချောမွေ့စွာနဲ့ မြန်မြန်နှင့်မှန်မှန် စစ်ဆေးစီရင်လျက်ရှိပါတယ်။ ယခုအခါမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လူဦးရေဟာ ၁၉၄၆ ခုနှစ်ကထက် ထူထပ်များပြားလာပြီးတော့ မှုခင်းများမှာလည်း ထိုခေတ်အခြေအနေကထက် အဆမတန်ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ ဒီအခြေအနေမှာ ပြစ်မှုဆိုင်ရာအမှုများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မအခန်း ၂၃ မှာပါတဲ့ ဂျူရီလူကြီးများကဲ့သို့သော တရားစီရင်ရေးအထောက်အကူပြုကော်မတီနဲ့ ဖွဲ့စည်းဆောင်ရွက်စစ်ဆေးမယ်ဆိုပါက အမှုတစ်မှုမှာ ဂျူရီလူကြီးဦးရေဟာအနည်းဆုံး ၅ ဦးထက်မနည်းကနေပြီးတော့ အများဆုံး ၉ ဦးအထိပါဝင်ရမှာဖြစ်တဲ့အတွက် အမှုများစွာအတွက် ဂျူရီလူကြီးဦးရေများစွာ လိုအပ်မှာဖြစ်ပါတယ်။ အမှုတစ်မှုချင်းအလိုက် လိုအပ်တဲ့ဂျူရီလူကြီးဦးရေကို ခန့်ထားရန်အတွက် အခက်အခဲရှိနိုင်ပါတယ်။

ဂျူရီစနစ်နဲ့ စစ်ဆေးခြင်းအားဖြင့် အမှုရဲ့အကြောင်းအခြင်းအရာအပေါ်မှာ ကောက်ယူဆုံးဖြတ်တဲ့နေရာမှာတော့ အထောက်အကူရနိုင်တာရှိပေမယ့်လို့ ဂျူရီလူကြီးများကို ရွေးချယ်တဲ့နေရာမှာ နှောင့်နှေးကြန့်ကြာမှုရှိနိုင်ခြင်း၊ ရွေးချယ်ထားတဲ့ဂျူရီများကလည်း အမှုမှာ အစမှအဆုံးပါဝင်နိုင်မှုမရှိတဲ့ကိစ္စရပ်များ ပေါ်ပေါက်လာတဲ့အခါမှာ ဂျူရီလူကြီးများအစားထိုးပြီးတော့ အမှုကိုအစကနေပြီးတော့ ပြန်လည်စစ်ဆေးရခြင်းတို့ကြောင့် အမှုကို မြန်ဆန်စွာ စစ်ဆေးဆုံးဖြတ်မှုကို အဟန့်အတားဖြစ်ပြီးတော့ အမှုများကြန့်ကြာနိုင်ခြင်း၊ ဂျူရီလူကြီးများအတွက် စရိတ်စကကုန်ကျမှုများစွာရှိနိုင်ခြင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀၆ ပြဋ္ဌာန်းချက်အရ လွှတ်တော်မှာဂျူရီလူကြီးဖြင့်စစ်ဆေးတဲ့အမှုမှာ ဂျူရီလူကြီးရဲ့ဆုံးဖြတ်ချက်ကို သဘောမတူလို့ရှိရင် တရားသူကြီးက ဂျူရီလူကြီးကို ချက်ချင်းဖျက်သိမ်းနိုင်ခြင်း၊ စက်ရှင်အမှုနဲ့ စစ်ဆေးစီရင်တဲ့အမှုမှာလည်း ဂျူရီလူကြီးရဲ့ဆုံးဖြတ်ချက်ကို သဘောမတူလို့ရှိရင် တရားလွှတ်တော်သို့ တင်ပို့ရခြင်း ဒီစနစ်တွေပါဝင်တာဖြစ်တဲ့အတွက် ဂျူရီစနစ်ဖြင့် စစ်ဆေး၍ရနိုင်တဲ့အကျိုးရလဒ်ကနည်းပါးပြီးတော့ ယင်းစနစ်ဖြင့်စစ်ဆေးလို့ရှိရင် အမှုနှောင့်နှေးကြန့်ကြာမှု၊ စရိတ်အကုန်အကျများမှု၊ အဆင်မပြေဖြစ်မှုတို့က ပိုမိုများပြားကြောင်းကို သုံးသပ်တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ၁၉၄၆ ခုနှစ်ကစပြီးတော့ ယနေ့အချိန်အထိအောင် ပြစ်မှုများကိုကြားနာတဲ့နေရာမှာ လက်ရှိကျင့်သုံးလျက်ရှိတဲ့ တရားစီရင်ရေးစနစ်ကထိရောက်ပြီးတော့ အကျိုးရှိတဲ့စနစ်ဖြစ်တာကြောင့် ယခုအခြေအနေမှာတော့ ဂျူရီလူကြီးများကဲ့သို့ တရားစီရင်ရေးအထောက်အကူပြုကော်မတီဖွဲ့စည်း ပြီးဆောင်ရွက်စေရန်လိုမည်မဟုတ်လို့ ယူဆပါတယ်။ တရားစီရင်ရေးကဏ္ဍမှာ အဂတိလိုက်စားမှုကင်းရှင်းရေး၊ ဥပဒေနှင့်အညီ လွတ်လပ်မျှတမှန်ကန်တဲ့ တရားစီရင်ရေးဖြစ်ပေါ်စေရန်အတွက် ပြည်ထောင်စုတရား

လွှတ်တော်ချုပ်က မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကိုချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တရားစီရင်ရေးလုပ်ငန်းမှာ ဂျူရီလူကြီးများကဲ့သို့ တရားစီရင်ရေးအထောက်အကူပြုကော်မတီ ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ တရားစီရင်ရေးနဲ့ပတ်သက်ပြီးတော့ မြန်ဆန်ဖို့ထက် မှန်ကန်ဖို့ကိုလည်း အခြေခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်သူများနဲ့ ဝိုင်းဝန်းထောက်မဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဘာကြောင့်တင်ပြရသလဲဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများကြားမှာ နေရတဲ့သူတွေ ဖြစ်ပါတယ်။ ပြည်သူတွေက တရားစီရင်ရေးနဲ့ပတ်သက်ပြီးတော့ တော်တော်များများကိစ္စ တွေပြောတာရှိပါတယ်။ လွှတ်တော်မှာတော့ မတင်ပြတော့ပါဘူး။ ဒါပေမယ့် မျှတမှုရှိနိုင်မယ့် Good Governance ဖြစ်ဖို့အတွက် ဒီနည်းလမ်းတွေဟာ စဉ်းစားဖို့သင့်ပါတယ်။ နောက် တကယ်လို့များ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်တဲ့အခါမှာလည်း ထည့်သွင်းပြီးတော့ ရေးဆွဲမယ်ဆိုရင်လည်း ရပါတယ်။ အဓိကတော့ ကုန်ကျစရိတ်ထက် ကျွန်တော်တို့ ပြည်သူတွေက တရားစီရင်ရေးကို ယုံကြည်မှုခိုင်မာလာအောင် စဉ်းစားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နောင်တစ်ချိန်မှာ ဒီစနစ်ကို စဉ်းစားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သီးခြားဖြေဖို့မလိုဘူးထင်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ နောင်ရေးအတွက် တင်ပြချက်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အဲ့ဒီတော့ ဒီဂျူရီစနစ်နဲ့ စစ်ဆေးဖို့ကိစ္စကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်တဲ့အခါမှာတော့ ထည့်သွင်းစဉ်းစားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

**မိုင်းယန်းလမ်းနှင့် မိုင်းလားလမ်းနှစ်လမ်းကြား ၁၃ မိုင်တွင် ရေထွက်ပေါက်နေရာကို ရေလမ်းကြောင်းချဲ့ပေးနိုင်ရေးဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်သို့

တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကျိုင်းတုံမြို့နယ်နှင့် မိုင်းယန်းလမ်းနှင့် မိုင်းလားလမ်းနှစ်လမ်းကြား ၁၃ မိုင်နေရာမှာ ရေထွက်ပေါက်ကို ရေလမ်းကြောင်းချဲ့ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်ပြီး ကျွန်တော် မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့အတွင်းရှိ အမှတ်(၂) ရပ်ကွက်၊ (၃) ရပ်ကွက်၊ (၄) ရပ်ကွက်၊ (၅) ရပ်ကွက်နှင့် ကထိုက်ရန်းကောအုပ်စု၊ ဝက်ဆောင်းအုပ်စု၊ ကသာအုပ်စုစတဲ့ ကျေးရွာအုပ်စုအတော်များများဟာ နှစ်စဉ်မိုးရာသီရောက်တဲ့အခါမှာ ရေကြီးရေလျှမ်းခြင်း ခံနေရပါတယ်။ ရေလျှမ်းခြင်းကြောင့် ကျိုင်းတုံမြို့ပေါ်ရှိ အ.ထ.က (၅) မူလတန်းကျောင်း၊ နောက်ပြီးတော့ မူကြိုကျောင်းအတော်များများကို ပိတ်ထားရတဲ့အတွက် ကလေးများပညာသင်ကြားရေးမှာ အခက်အခဲရှိစေပါတယ်။ ဒီ့အပြင် လယ်မြေများရေကြီးပြီးလျှမ်းမိုးတဲ့အတွက် စပါးများပျက်ပြီး စပါးဈေးမြင့်တက်တဲ့အတွက် ပြည်သူများလည်းဒုက္ခနှင့်ကြုံတွေ့ရပါတယ်။ ကားလမ်းများကို ရေကျော်တဲ့အတွက်လည်း သွားရေးလာရေးကအစ အားလုံးနှောင့်နှေးစေပါတယ်။ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ရေလျှမ်းမိုးခြင်းဟာ ကျိုင်းတုံဧရိယာအတွင်းမှာရှိတဲ့ ချောင်းငယ်များအားလုံးဟာ ကျိုင်းတုံမြို့ကိုပတ်စီးနေတဲ့ နမ့်မလာချောင်းနှင့်နမ့်ခမ်းချောင်းအတွင်းကို အားလုံးစီးဝင်ကြပြီး အဲ့ဒီနမ့်မလာချောင်းနှင့် နမ့်ခမ်းချောင်းနှစ်ခု ပေါင်းဆုံပြီးတဲ့အခါမှာ ကျိုင်းတုံရဲ့မြောက်ဘက်မှာရှိတဲ့ မိုင်းယန်းလမ်းနှင့် မိုင်းလားလမ်းနှစ်လမ်းကြား ၁၃ မိုင်နေရာမှာ ရေထွက်ပေါက်တစ်ခုတည်းကိုပဲ ထွက်နေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒီ ရေထွက်ပေါက်ဟာဆိုလို့ရှိရင် ကျောက်တောင်တွေကြားမှာထွက်တဲ့အတွက် ကျောက်တောင်တွေနဲ့ပိတ်ပြီး ရေစီးရေလာမကောင်းဘဲနဲ့ ရေထွက်ပေါက်ရေမထွက်ခင်မှာ နောက်ထပ် မိုးအဆက်မပြတ်ရွာသွန်းတဲ့အခါမှာ တောင်ကျရေများနှင့်ပေါင်းစည်းပြီးမှ ကျိုင်းတုံမြို့ကို ရေလျှမ်းခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၁၃ မိုင်နေရာမှာ ရေထွက်ပေါက်နှင့်ပတ်သက်ပြီးတော့ ရေလမ်းကြောင်းချဲ့ပေးနိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်ပြီး သတ္တမအကြိမ် ပုံမှန်အစည်းအဝေးတုန်းက ကျွန်တော် ဒီမေးခွန်းကိုတင်ခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နာယကကြီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဝန်ကြီးများ ကျိုင်းတုံကို ရောက်ရှိပြီးနောက် ၃-၉-၂၀၁၃ ရက်နေ့ ကျိုင်းတုံပြည်သူလူထုနဲ့ တွေ့ဆုံပွဲမှာ မြို့မိမြို့ဖများဖြစ်ကြတဲ့ ဦးစိုင်းဇော်မင်းနှင့် ဦးစိုင်းဟောင်ခမ်းတို့ကလည်း ဒီကိစ္စနှင့်ပတ်သက်ပြီး

ဥက္ကဋ္ဌကြီးကိုထပ်မံတင်ပြတဲ့အခါမှာဥက္ကဋ္ဌကြီးကနှုတ်နှင့်လမ်းညွှန်မှုပေးခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ ဌာနများ တပ်မတော်မှ ကျွမ်းကျင်ပညာရှင်များနဲ့ လာမယ့်ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးမည်ဆိုတဲ့ အကြောင်းကို ကတိလည်းရရှိပြီး အတည်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်ကျေးဇူးတင်စွာနဲ့ပဲ ပြန်လည်ရုပ်သိမ်းပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရန်ကုန်မြို့လမ်းမကြီးများပေါ်တွင် ရောင်းချနေသော လမ်းဘေးဈေးသည်များကို မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်သွားမည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံးနှစ်လုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်မြို့လမ်းမကြီးများအပေါ်တွင် ရောင်းချနေတဲ့ လမ်းဘေးဈေးဆိုင်များနှင့်ပတ်သက်ပြီး စည်းကမ်းတကျရှိစေရန်နှင့် နိုင်ငံတကာမှ လာရောက်တဲ့ဧည့်သည်တွေ အမြင်တင့်တယ်စေရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ထားကြောင်း သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံကို လာရောက်တဲ့ ဧည့်သည်ဟာ အနည်းငယ်သာရှိပါတယ်။ အဲ့ဒီအနည်းငယ်သော ဧည့်သည်တွေထဲက အချို့မီဒီယာသမားတွေဟာ မြို့ရဲ့အနိဋ္ဌာရုံတွေဖြစ်တဲ့ တိုက်အိုတိုက်ဟောင်းတွေ၊ နောက်ကျန်းမာရေးနဲ့ မညီညွတ်တဲ့အစားအသောက်တွေရောင်းချနေတဲ့ လမ်းဘေးဈေးသည်တွေကို ဓါတ်ပုံ၊ ကင်မရာတွေနဲ့ရိုက်ပြီးတော့ နိုင်ငံတကာဂျာနယ်များကနေ ထည့်သွင်းဖြန့်ဝေခဲ့သဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနှင့် လူမျိုးရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေခဲ့ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံမှာနိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေပြောင်းလဲလာပြီဖြစ်လို့ နိုင်ငံတကာမှ ဧည့်သည်များဟာလည်း ပိုမိုဝင်ရောက်လာတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အဓိကကျတဲ့ မြို့ကြီးတွေမှာ လမ်းဘေးဈေးသည်များရဲ့ဘဝကို လည်းခေတ်စနစ်နဲ့လျော်ညီစွာ မြှင့်တင်ပေးဖို့လိုအပ်မယ်လို့ယူဆပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်အောင် ထုတ်ပိုးပြီးရောင်းချနိုင်ရေးအတွက် နိုင်ငံတော်မှလည်း ကူညီပံ့ပိုးပေးဖို့ လိုအပ်မယ်လို့ထင်မြင်မိပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင်ပြီးခဲ့တဲ့လ ၂၄ ရက်နေ့က

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်မှာရှိတဲ့ Orchit ဟိုတယ်မှာတည်းတဲ့ နိုင်ငံခြားသား ၁၄ ဦးဟာ ပြင်ပအစားအစာတွေစားမိတဲ့အတွက် အဆိပ်သင့်တယ်လို့ သတင်းဂျာနယ်တစ်စောင်မှာ ဖတ်ခဲ့ရပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး လမ်းမကြီးများပေါ်တွင်ရောင်းချနေသော လမ်းဘေးဈေးဆိုင်များနှင့်ပတ်သက်ပြီး စနစ်တကျဖြစ်စေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ပုံစံအမျိုးမျိုးနှင့်ရောင်းချနေသော လမ်းဘေးဈေးဆိုင်များကို သန့်ရှင်းမှုနှင့် အမြင်တင့်တယ်စေရေးအတွက် စနစ်တကျလှည်းကလေးများအတွင်း ထည့်သွင်းရောင်းချစေခြင်းဖြင့်လည်းကောင်း၊ လှည်းများအထဲတွင်အမှိုက်များထည့်သွင်းပြီး စနစ်တကျသတ်မှတ်နေရာများတွင် စွန့်ပစ်စေခြင်းဖြင့်လည်းကောင်း၊ ယခုလမ်းဘေးတွင်မြင်မကောင်း ရောင်းချနေသော သား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို စနစ်တကျထုတ်ပိုးရောင်းချသောစနစ် အလေ့အကျင့်များလုပ်ဆောင်တတ်အောင်ပညာပေးဆောင်ရွက်စေခြင်းဖြင့် သန့်ရှင်းရေးကို အထောက်အကူပြုသကဲ့သို့ ကျန်းမာရေးကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ ယခုအချိန်မှာ မြန်မာနိုင်ငံကို နိုင်ငံခြား ဧည့်သည်များတွေကလည်း ပိုမိုလာရောက်နေတာကို အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ ဧည့်သည်များထဲမှ အဆင့်အတန်းအမျိုးမျိုးမှ ပုဂ္ဂိုလ်တွေပါဝင်ပြီး နိုင်ငံသူနိုင်ငံသားများရဲ့ လူနေမှုဘဝအဆင့်အတန်းကို လေ့လာသူများလည်းပါဝင်နိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ရဲ့ လူနေမှုဘဝကို တစ်နိုင်ငံလုံးရဲ့ စံအဖြစ်သတ်မှတ်သွားမှာ ဖြစ်ပါတယ်။ သို့ပါ၍ ရန်ကုန်မြို့လမ်းမကြီးများပေါ်တွင် ရောင်းချနေသောလမ်းဘေးဈေးသည်များကို စနစ်တကျရောင်းချရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုတောင်းမေတ္တာပို့ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးတွင် ရောင်းချလျက်ရှိသည့် လမ်းဘေး ဈေးသည်များကြောင့် ယာဉ်သွားလာမှုပိတ်ဆို့ခြင်း၊ အမှိုက်နှင့် အညစ်အကြေးများ လမ်းပေါ်သို့ စွန့်ပစ်ခြင်း၊ လမ်းသွားလမ်းလာများအား အနှောက်အယှက်ဖြစ်စေခြင်းနှင့် ပြည်သူလူထုစားသုံးရန် မသင့်တော်သော ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် အစားအသောက်များရောင်းချခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိနေသည့်အတွက် အစိုးရသစ်လက်ထက်တွင် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီမှ နှစ်စဉ်ရရှိနေသည့် လမ်းဘေးပျံကျဈေးကောက်ဝင်ငွေကျပ် ဝ.၈ ဘီလီယံအား အဆုံးရှုံးခံ၍ ၁-၆-၂၀၁၁ ရက်နေ့မှစ၍ ဈေးကောက်ကောက်ခြင်းမပြုတော့ဘဲ လမ်းဘေးဈေးသည် များရှင်းလင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသို့ဆောင်ရွက်ခဲ့သည့် အတွက် နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ထိခိုက်ကြောင်း အဖွဲ့အစည်းအသီးသီးမှ ပြည်ထောင်စုအစိုးရအဖွဲ့အထိ တင်ပြကြသဖြင့် အပြီးအပြတ်ရှင်းလင်းခြင်း အစား အချို့နေရာများတွင် အချိန်ပိုင်းသာ စည်းကမ်းထိန်းသိမ်းပြီး ကျန်ချိန်များတွင် တရားဝင် သတ်မှတ်ခွင့်ပြုပေးခြင်းမဟုတ်ဘဲ ဖြေလျော့ပေးသည့်အနေဖြင့် ရောင်းချခွင့်ပေးထားရခြင်း ဖြစ်ပါ သည်။ လက်ရှိကာလတွင် မြို့တွင်း ၆ မြို့နယ်ရှိ အဓိကလမ်းမကြီး ၇ လမ်းတွင် ကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့်ဌာန ၁၈ ခုမှ ဝန်ထမ်းများ၊ ခရိုင်မြို့နယ်စည်ပင်သာယာရေး၊ အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာနတပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၃၀၀ ခန့်ဖြင့် နေ့စဉ်ညနေ ၃ နာရီမတိုင်မီလမ်းဘေးဈေးသည်များ ဈေးရောင်းချမှုမရှိစေရေး စည်းကမ်းထိန်းသိမ်း ခြင်းဆောင်ရွက်လျက်ရှိပြီး နံပါတ်တပ်လမ်းများအတွင်း၌ ပတ်ဝန်းကျင်မှကန့်ကွက်မှုမရှိပါက ဈေးရောင်းချစေလျက်ရှိပါသည်။ ညနေ ၃ နာရီမှ ည ၈ နာရီအထိ ဖြေလျော့ပေးသည့်အနေဖြင့် ရောင်းချခွင့်ပြုထားပါသည်။ ယင်းအချိန်နောက်ပိုင်းအား အလှည့်ကျဌာနမှူးများမှ သက်ဆိုင်ရာဌာန အင်အား၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန၊ နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ် အုပ်ချုပ်ရေးမှူးအင်အားနှင့် မြို့တော်ခန်းမတာဝန်မှူးကြီးဦးစီးအင်အားများ ပါဝင်သောအဖွဲ့ဖြင့် ညစဉ်စည်းကမ်းထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ အခြားသောမြို့နယ်များနှင့် လည်း အဓိကလမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးဈေးသည် စည်းကမ်းထိန်းသိမ်းခြင်းအား မြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးနှင့် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းခြင်းဌာန၊ ဈေးများဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ ပူးပေါင်းဖော်ပြလျက်ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် အစားအသောက်ရောင်းချသော လမ်းဘေးစားသောက်ဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနသည် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးနမှူးမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများနှင့် ပူးပေါင်း၍ မြို့နယ်များအလိုက် အစားအသောက်များအား ဖုံးအုပ်၍ရောင်းချရန်၊ လက်အိတ်၊ တူ၊ ညှပ်များ အသုံးပြု၍ အစားအသောက်ကိုင်တွယ်ပြုပြင်ရန်၊ ပန်းကန်၊ ခွက်ရောက်များအား စနစ်တကျ ဆေးကြောဆောင်ရွက်ရန်၊ အမှိုက်သရိုက် စားကြွင်းစားကျန်များအား ကိုယ်ပိုင်အမှိုက်ပုံး သို့မဟုတ် အမှိုက်အိတ်များအတွင်းထည့်၍ စည်းကမ်းတကျစွန့်ပစ်ရန် စသည်တို့ကို စဥ်ဆက်မပြတ် ပညာပေး ဟောပြောဆောင်ရွက်လျက်ရှိပါသည်။ အစားအသောက်များ ထုတ်ပိုးဆောင်ရွက်ရောင်းချရာတွင် လည်းကျန်းမာရေးနှင့်မညီညွတ်သော ကြွပ်ကြွပ်အိတ်များဖြင့် ထုပ်ပိုးဆောင်ရွက်ခြင်းမပြုရန်နှင့် ပလပ် စတစ်အိတ်များသုံးစွဲရန် ပညာပေးဟောပြောလျက်ရှိပါသည်။ ၎င်းအပြင် တစ်ခါသုံးဖော့ဘူးများနှင့် ထည့်သွင်းရောင်းချလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အရက်ဆီသက်သက်မဖြန့်ဖြူးဘဲ သုံးဆောင်နိုင်သော အခြေအနေရောက်မှ ဖြန့်ဝေရောင်းချသင့် ကြောင်းနှင့် အရက်ဆီကိုယ်စားလှယ်ပေးခြင်းကို ရပ်တန့်ပေးပါရန်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ဆွေးနွေးပြီးတော့ မေးခွန်းမေးလို တာကတော့ အရက်ဆီကို ကိုယ်စားလှယ်ပေးခြင်းအား ရပ်တန့်ပေးဖို့အတွက် တင်ပြချက်ဖြစ်ပါတယ်။ ဒီကိစ္စဟာ တစ်နိုင်ငံလုံးနဲ့လည်း သက်ဆိုင်လိမ့်မယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆို တော့ အရင်တုန်းက စက်မှုဝန်ကြီးဌာနကနေပြီးတော့ ထုတ်လုပ်တဲ့ အရက်ဆီ အဲဒီအရက်ဆီကို ကျွန်တော်တို့ BEDC အရက်ဖြူဖြစ်အောင် ရေနဲ့စပ်ပြီးတော့ အဲ့ဒါသယ်ပိုးရလွယ်အောင်၊ ခရီးစရိတ် သက်သာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ အခုအခါမှာ စက်မှုဝန်ကြီးဌာနက တာဝန်မယူတော့ဘဲနဲ့ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ပုဂ္ဂလိကစက်ရုံတွေကို လိုင်စင်ပေးထားကြောင်း သိရပါတယ်။ အဲ့ဒီအရက်ဆီတွေကို ထုတ်လုပ်ရောင်းချနေခြင်းမှာလည်း ကောင်းတဲ့ရည်ရွယ်ချက်ရှိပါတယ်။ လိုင်စင်ရတဲ့ ပုဂ္ဂလိကစက်ရုံတွေကတော့ အခုအခါမှာထပ်ပြီးတော့ အရင်ထက်ပိုပြီးတော့ ဆိုးနေကြောင်းလည်းသိပါတယ်။ ပလပ်စတစ်နဲ့ ပြန်လည်ထုတ်တယ်။ နောက်ပြီးတော့ တစ်ဦးချင်းပြန်ရောင်းတယ်။ တစ်ထုတ်ကို ၂၀၀၊ ၃၀၀ နဲ့ဝင်ငွေကောင်းအောင် ချက်ချင်းပြန်ထုတ်တယ်၊ ချက်ချင်းရောင်းတယ်။ အဲ့ဒီအရက်ကအမှန်မှာ ရေနဲ့အချိုးကျသမပြီးတော့ သုံးရက်ထားပြီးမှ သောက်သုံးနိုင်အောင်၊ အန္တရာယ်ကင်းအောင် ရောင်းချရတဲ့ဥစ္စာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့က ခရီးသွားလာတဲ့အခါမှာ အလွယ်တကူယူဆောင်သွားခြင်း၊ အင်္ကျီအိတ်ထဲမှာထည့်သွားခြင်း၊ အရက်ကြိုက်သူများ အရက်ဆီတစ်ထုပ်ကနေ ၄ ထုပ်ထိယူပြီးတော့ ရေနဲ့ချက်ချင်းဖျော် ချက်ချင်းသောက်နေကြတာပါ။

အခုအခါမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ခွင့်ပြုထားတဲ့ ပုဂ္ဂလိကစက်ရုံတွေဆိုရင် ပိုပြီးတော့ တောင်ဆိုးနေတယ်ဆိုတာကို ကြားသိရပါတယ်။ အရက်ပြင်းအောင်ဆိုပြီးတော့ မက်သနောတွေရောပြီးတော့ ရောင်းချနေတဲ့ အကြောင်းကိုလည်း ကြားရပါတယ်။ အဲ့ဒီစက်ရုံတွေကို ကျွန်တော်တို့ ကြီးကြပ်ရေးအဖွဲ့တွေနဲ့ သေသေချာချာ စစ်ဆေးကြပ်မတ်သင့်တယ်ဆိုတဲ့အကြောင်းကိုလည်း တင်ပြလိုပါတယ်။ အများအားဖြင့် လူငယ်တွေဟာ ခရီးသွားရင်လည်း ကားတိုင်းမှာ၊ ယာဉ်တိုင်းမှာရေတစ်ပုလင်းစီလက်ဆောင်ပေးထားလို့ အရက်နဲ့သောက်တော့မယ်ဆိုရင် ရေပုလင်းကိုဖွင့်ပြီးတော့ အရက်ဆီဖြည့်တယ်။ ချက်ချင်းသောက်တယ်။ ချက်ချင်းသောက်တဲ့အခါကျတော့ အသဲကျွမ်းပြီးတော့ အမြန်ဆုံးသေတယ်။ အဲဒါ အစိုးရနဲ့ဝန်ကြီးဌာနတွေအနေနဲ့က ပြည်သူလူထုအတွက် ဆင်းရဲတဲ့ပြည်သူများအတွက် အန္တရာယ်ကင်းအောင်၊ ဈေးနှုန်းသက်သာအောင်ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ခဲ့သော်လည်းပဲ အခုအခါမှာ ခုတ်ရာတစ်ခြား၊ ရှရာတစ်ခုဖြစ်နေကြောင်းကို စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ ပုဂ္ဂလိကအရက်ချက်စက်ရုံများမှ တစ်ပြည်လုံးဖြန့်ဖြူးနေတဲ့ အရက်ဆီများကို အရက်ဆီသက်သက်မဖြန့်ဖြူးဘဲ သုံးရက်ကြာရေနဲ့သမအောင်အချိုးကျစိမ်ပြီးမှ ပုလင်းမှာထည့်ပြီး တိုက်ရိုက်သုံးဆောင်နိုင်အောင် အခြေအနေရောက်မှ အန္တရာယ်ကင်းစွာသောက်သုံးရန်အတွက် ဖြန့်ဝေရောင်းချသင့်ကြောင်းနှင့် အခုအန္တရာယ်ကင်းတယ်လို့ပြောနေတဲ့ အရက်ကောင်း နိုင်ငံခြားကလာနေတဲ့အရက်တွေဖြစ်တဲ့ Red Label တို့ Black, Blue, Green Label အဲ့တာတွေကိုလည်း ဈေးကများလွန်းနေလို့ ဈေးလျှော့ပြီးရောင်းချသင့်ကြောင်း တင်ပြရင်းနဲ့ အားလုံးကိုကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုဆွေးနွေးချက်ကို မေးခွန်းလို့သဘောထားပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခင်က အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်မှာအရက်ထုတ်တဲ့ စက်ရုံများရှိပါတယ်။ ဒီအရက်ထုတ်တဲ့စက်ရုံများကတော့ လက်ရှိအနေအထားအရမန္တလေးအမှတ်(၁) အရက်စက်ရုံကတော့ ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကတစ်ဆင့် မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ကို ၃၁.၈.၂၀၀၉ ရက်နေ့မှာလွှဲပြောင်းပေးခဲ့ပါတယ်။ အလားတူပဲ ဇေယျာဝတီအမှတ် (၂) အရက်ချက်စက်ရုံကိုလည်း ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်(၂၉/၂၀၀၉)အရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ကို ၁၅.၉.၂၀၀၉ ရက်နေ့မှာ ကျွန်တော်တို့လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ မောင်လမြိုင်အမှတ်(၄) အရက်စက်ရုံကတော့ ၁.၉.၂၀၁၃ ရက်နေ့မှာ Mandalay Golden Manufacturing Co., Ltd ကို ကျွန်တော်တို့ ငှားရမ်းခဲ့ပါတယ်။ သို့သော်လည်း အရက်ထုတ်လုပ်မှုကိုတော့ ၃၁.၇.၂၀၀၉ ရက်နေ့ကတည်းက ကျွန်တော်တို့ ရပ်ဆိုင်းထားခဲ့ပါတယ်။ စက်မှုသုံးအရက်ပြန်ဘီးလင်းစက်ရုံကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်အရ Myanmar Winery & Distillery Co.,Ltd နဲ့ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ဖက်စပ်စက်ရုံတည်ထောင်ပြီးတော့ ဘီးလင်းအရက်ပြန်စက်ရုံအဖြစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒိုက်ဦးကော်မှုန့်စက်ရုံကတော့ ၁.၁၀.၂၀၁၁ ရက်နေ့မှာ Fortune International Co., Ltd ကို ငှားရမ်းပြီးတော့ ငှားရမ်းတဲ့ကုမ္ပဏီအနေနဲ့ကလည်း ပုလင်းသွင်းအရက်များကိုသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စောစောကတင်ပြခဲ့တဲ့ ငှားရမ်းစက်ရုံတစ်ရုံနဲ့ ဖက်စပ်စက်ရုံများကတော့ ထုတ်လုပ်နေတဲ့ အရက်ပြင်းများကိုတော့ အဆင့်ဆင့်ဖျော်စပ်ပြီးတော့ လူအများသောက်သုံးရန်အသင့်ရှိတဲ့ (Under Proof) ပုလင်းသွင်းအရက်များကိုသာ ကျွန်တော်တို့ ပြည်သူများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ အရက်ချက်လုပ်ခြင်း၊

ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပုလင်းသွင်းခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကိုတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ ယစ်မျိုး ဥပဒေနှင့်အညီ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီးတော့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ထုတ်ပေးလျက်ရှိပါတယ်။ အများပြည်သူများသောက်သုံးရန်သင့်တဲ့ (Under Proof) အရက်များကိုသာ ဖြန့်ဖြူးရောင်းချရန်လည်း ကျွန်တော်တို့ ခွင့်ပြုထားကြောင်းလည်း သိရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ပုဂ္ဂလိကအရက်ချက်စက်ရုံများသို့ ထုတ်ပေးထားတဲ့ လိုင်စင်အမျိုးအစားပေါ်မူတည်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှာရှိတဲ့ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (FDA)ရဲ့ ထောက်ခံချက်လက်မှတ်များ၊ ဓါတုဗေဒရုံးရဲ့ဓါတ်ခွဲစမ်းသပ်ချက်များအရ ခွင့်ပြုပေးတဲ့လုပ်ငန်းများကိုသာ တိုင်းဒေသကြီး/ပြည်နယ်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ သက်ဆိုင်ရာဦးစီးဌာနများပါဝင်တဲ့ ကြီးကြပ်ရေးအဖွဲ့များရဲ့ သဘောထားမှတ်ချက်များ၊ ထောက်ခံချက်များတင်ပြမှသာ စက်မှုဝန်ကြီးဌာနအနေနဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ အဆိုပါစက်ရုံများကိုမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကအရက်ချက်စက်ရုံများကနေပြီးတော့ စောစောကကိုယ်စားလှယ်တော်ကြီးတင်ပြသလို အရက်ဆီများအား ပြည်သူသို့ ဖြန့်ဖြူးရောင်းချခြင်းမပြုဖို့လည်း ကျွန်တော်တို့ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနအနေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ စက်မှုဝန်ကြီးဌာနအနေနဲ့တော့ အရက်ဆီထုတ်လုပ်ခြင်း၊ အရက်ဆီကိုယ်စားလှယ်ပေးခြင်းများမရှိပါကြောင်းဥက္ကဋ္ဌကြီးမှတစ်ဆင့်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရှေ့ပြည်သာစက်မှုဇုန်များ စနစ်တကျဖြင့် အမှန်တကယ်ပေါ်ထွက်လာရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါ

တယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်မှာ စက်မှုလုပ်ငန်းအမှန်တကယ်ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီးတော့ ရှေ့ပြည်သာမြို့ရဲ့အနေအထားနဲ့ နှိုင်းယှဉ်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုကြည့်မယ်ဆိုရင် စက်မှုလက်မှုလုပ်ငန်းတွေတိုးတက်ဖို့က အမှန်တကယ်လိုအပ်ပါတယ်။ ဒီအတွက်ရည်ရွယ်ပြီးတော့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာတင် Infrastructure အနေနဲ့ ကျွန်တော်တို့ စက်မှုဇုန်များကို တည်ထောင်ပေးခဲ့ပါတယ်။ သို့သော် ဒီစက်မှုဇုန်များသည် အမှန်တကယ်အသက်ဝင်ခြင်းမရှိဘဲနဲ့ ယနေ့ ကျွန်တော်တို့ ရွှေပြည်သာမှာ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) စက်မှုဇုန် ၄ ခုနဲ့ ဝါးတစ်ရာစက်မှုဇုန်၊ သာဓုကန်စက်မှုဇုန်ဆိုပြီးတော့ စက်မှုဇုန် ၆ ခု ရှိပါတယ်။

ဒီစက်မှုဇုန်များကို အရင်အစိုးရလက်ထက်က အခြေခံအဆောက်အဦအနေနဲ့ တည်ဆောက်ပေးခဲ့သော်ငြားလည်း ယနေ့အစိုးရအသစ်လက်ထက်မှာ ဒါတွေကို အမှန်တကယ်အသက်သွင်းဖို့ လိုပါတယ်။ ယနေ့ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ စက်မှုဇုန်တွေရဲ့အနေအထားသည် လယ်ကွင်းတွေပဲ ရှိပါသေးတယ်။ ဒီထဲမှာမှ ဘေးထွက်ဆိုးကျိုးအနေနဲ့ စက်မှုဇုန်မတည်ဆောက်တဲ့အတွက်ကြောင့် အဖွဲ့အစည်း အချို့ကနေပြီးတော့ မြေနေရာတွေလုယက်ပြီးတော့ အိမ်ပေါင်းရာနဲ့ချီပြီးတော့ ဆောက်လုပ်နေကြပါတယ်။ ဒါကလည်း တိုင်းဒေသကြီးအစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာတာကိုလည်း လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အမှန်တကယ်သာ စက်မှုဇုန်ကိုတည်ဆောက်နိုင်မယ်ဆိုရင် စက်မှုဇုန်တွေမှာ ဒေသခံမှာရှိတဲ့ ပညာတတ်လူငယ်တွေ အလုပ်အကိုင်တွေရရှိမှာ ဖြစ်ပါတယ်။ အလားတူ နည်းပညာတွေလည်းရရှိမှာ ဖြစ်ပါတယ်။ ဘေးကနေပြီးတော့ ဖြစ်ပေါ်လာမယ့် ဘဏ်တွေ၊ City Mark တွေ လမ်းပန်းဆက်သွယ်မှုတွေ၊ ဒေသတွင်းတိုးတက်မှုနဲ့အတူ နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုကိုလည်း များစွာအထောက်အကူ ဖြစ်လာမှာ ဖြစ်ပါတယ်။ သို့သော် အခု ၂ နှစ်ခွဲပြည့်တဲ့အချိန်ထိ စက်မှုဇုန်တွေဟာ လုံးဝလှုပ်ရှားနိုင်ခြင်းမရှိသေးတဲ့အပြင် ခုနကျွန်တော်တင်ပြခဲ့တဲ့ အဖွဲ့အစည်းအချို့ရဲ့ မြေနေရာလုယက်မှုကြောင့် မဖြေရှင်းနိုင်ဘဲနဲ့ ရပ်တန့်နေတာကို တွေ့ရပါတယ်။

ဒီ့အတွက်ကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းက နိုင်ငံတော်မှာရှိတဲ့ အောင်မြင်တဲ့စက်မှုဇုန်တွေကို အမှန်တကယ်ပေါ်ထွက်လာဖို့အတွက် ဆောင်ရွက်ပေးဖို့ အစိုးရအဖွဲ့အနေနဲ့ အစီအစဉ်ရှိ/မရှိ။ တကယ်လို့ရှိတယ်ဆိုရင် ကျွန်တော်တို့ စက်ရုံများကို မည်သည့်ကာလမှာစတင်ဆောင်ရွက်နိုင်မလဲ။ နံပါတ် ၃ အချက်အနေနဲ့ ဒေသခံလုပ်သားပြည်သူတွေ ဘယ်လောက်ထိအလုပ်အကိုင်ရရှိမယ်လို့ မျှော်မှန်းထားပါသလဲ။ နံပါတ် ၄ အချက်အနေနဲ့ တကယ်လို့များအချိန်ကာလသတ်မှတ်ပြီးတော့ ဆောင်ရွက်

သော်ငြားလည်း ကုမ္ပဏီတွေ၊ စက်ရုံတွေက ဆောင်ရွက်ခဲ့ခြင်းမရှိရင် မည်သို့အရေးယူဆောင်ရွက်ပါမလဲဆိုတဲ့ မေးခွန်း ၄ ချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မာင်ဦးရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီးတော့ စက်မှုဇုန်ဖော်ဆောင်ခဲ့တဲ့အခါမှာ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၁) ကို ၁၉၉၀ ခုနှစ်တွင် လည်းကောင်း၊ စက်မှုဇုန်အပိုင်း (၂)၊(၃)၊(၄)ကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း စတင်ဖော် ထုတ်ခဲ့ပါတယ်။ ယခုအခါမှာ အဆိုပါစက်မှုဇုန်ဟာဖွံ့ဖြိုးနေပြီဖြစ်ပြီးတော့ စက်ရုံပေါင်း ၄၄၂ ရုံ တည်ဆောက်ပြီး စက်ရုံပေါင်း ၂၅၄ ရုံလည်ပတ်လျက်ရှိပါတယ်။ လုပ်သားအင်အားပေါင်း ၁၉၆၂၀ ဦး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ရွှေပြည်သာစက်မှုဇုန်မှာ စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ စက်နှင့်စက်ကိရိယာပစ္စည်းလုပ်ငန်း၊ လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းကိရိယာလုပ်ငန်း၊ သစ်နှင့် သစ်အခြေခံလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေပြည်သာစက်မှုဇုန်မှာ ဖော်ပြပါ စက်မှုဇုန် ၄ ဇုန်အပြင် ဝါးတရာစက်မှုဇုန်နှင့် သာဓုကန်စက်မှုဇုန်ကိုလည်း၂၀၁၄ ခုနှစ်မှာ ထပ်မံဖော်ထုတ်ခဲ့ရာမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အခြေအနေနဲ့ လယ်ယာမြေကိစ္စများကြောင့် စက်မှုဇုန်ဖွံ့ဖြိုးမှုနောက်ကျနေခြင်းပဲ ဖြစ်ပါတယ်။ အဆိုပါလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ဖွံ့ဖြိုးပြီးတော့ ရွှေပြည်သာစက်မှုဇုန်အပိုင်း ၁၊၂၊ ၃၊ ၄ နဲ့ ဖွံ့ဖြိုးလာမယ့် ဝါးတရာစက်မှုဇုန်၊ သာခုကန်စက်မှုဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ် ဆိုလို့ရှိရင်တော့ လုပ်သားအင်အား ၂၈၀၀၀ ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။ ယခုအခါမှာ ဝါးတရာစက်မှုဇုန်မှာ လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ပြီးဖြစ်တဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်နေပြီး လယ်ယာမြေကိစ္စများကိုလည်း ရှင်းလင်းဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် လယ်ယာမြေကိစ္စများကို ဆက်လက်ပြီးတော့ ရှင်းလင်းဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် မြေကွက်ဝယ်ယူထားတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များအား စက်ရုံတည် ဆောက်ရန် တွန်းအားပေးဆောင်ရွက်မည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း စက်ရုံများတည်ဆောက်ခြင်းမရှိတဲ့ စက်မှုမြေကွက်များကိုလည်း ပြန်လည်သိမ်းဆည်းပြီးတော့ အမှန်တကယ်စက်ရုံတည်ဆောက်မယ့် လုပ်ငန်းရှင်များကို ရောင်းချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့အခု ဝန်ကြီးတင်ပြသွားတဲ့အထဲမှာ စက်မှုဇုန်များသည် အမှန်တကယ်ဖြစ်ထွန်းအောင်မြင်နေတယ်လို့ ဖြေဆိုသွားတာအားလုံးကြားသိမှာ ဖြစ်ပါတယ်။ သို့သော ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ စက်မှုဇုန် ၁၊ ၂၊ ၃၊ ၄ အောင်မြင်ခြင်းမရှိပါဘူး။ အလားတူကျွန်တော်တို့ သာခုကန်စက်မှုဇုန်ဆိုရင် လုံးဝရပ်တန့်လိုက်တဲ့အနေအထားဖြစ်ပါတယ်။ ဝါးတရာစက်မှုဇုန်မှာ ကျောက်ပြားစက်ရုံ၊ လိုက်ဟောက်စ်သားရေပြားစက်ရုံကလွဲလို့ ကျန်တဲ့စက်ရုံတွေ လည်ပတ်ခြင်းမရှိပါဘူး။ စာရင်းဇယားများအရ ကျွန်တော်တို့ဖြေကြားခြင်းထက် အမှန်တကယ်မြေပြင်မှာရှိပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျက်မြင်စစ်ဆေးမယ်ဆိုရင်တော့ ပိုလို့ကောင်းမယ်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ စက်မှုဇုန်များနှင့်ပတ်သက်ပြီးတော့ စောစောက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတာလည်း မှန်ပါတယ်။ ဝါးတရာနှင့် သာခုကန်စက်မှုဇုန်အကောင်အထည်ဖော်ဖို့ အားနည်းနေပါတယ်။ ဒါကလည်း စောစောကကျွန်တော်တင်ပြတဲ့အထဲမှာပါပါတယ်။ လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ဖို့လည်း ရှိပါတယ်။ အလားတူပဲ မြေယာရှင်းလင်းမယ့်ကိစ္စတွေလည်း ဆောင်ရွက်ဖို့ရှိပါတယ်။ ထိုနည်းလည်းကောင်းပဲ ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့က ယူတာယူထားတယ်။ မလုပ်ပဲနဲ့ဒီအတိုင်းကိုင်တွယ်ပြီးတော့ ထားတဲ့မြေကွက်များကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒါကို ကွင်းဆင်းစစ်ဆေးပြီးတော့၊ ကြပ်မတ်ဆောင်

ရှက်ပြီးတော့ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်မယ့်လုပ်ငန်းရှင်များကို ကျွန်တော်တို့ ပြန်လည်တစ်ဆင့်တာဝန်ချထားပြီးတော့ မြေကွက်များဖော်ထုတ်မှသာလျှင် ဒီစက်မှုဇုန်နှစ်ဇုန်ဟာဆိုလို့ရှိရင် တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်သလိုပဲ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကိုလည်း ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ကြပ်မတ်ဆောင်ရွက်နေကြောင်း ကျွန်တော်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဇုန်များအောင်မြင်မှု၊ မအောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိမှု/မရှိမှုဟာ အကြောင်းအရာတစ်ခုပေါ်မှာအခြေခံတာ မဟုတ်ဘဲနဲ့ အကြောင်းရင်းများစွာရှိနိုင်ပါတယ်။ ဒါကြောင့် မို့လို့ဒီမေးခွန်းကိုမေးတဲ့နေရာမှာ စေတနာအရမေးသလို သက်ဆိုင်တဲ့ဝန်ကြီးဌာနဖြေတဲ့အခါမှာလည်း အရှိအတိုင်း တချို့ကိစ္စတွေဖြေသွားပါတယ်။ တကယ်တမ်းကျတော့ ခုနကစက်မှုဇုန်တစ်ခုဖြစ်မြောက်အောင်မြင်ဖို့ဆိုတာ အကြောင်းအရာတစ်ခုတည်းမကဘဲနဲ့ အကြောင်းများစွာရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြန်လည်ပြီးတော့ အကြံပြုလိုတာကတော့ မအောင်မြင်ရခြင်းအကြောင်းအရင်းများ ဘာတွေရှိပါသလဲဆိုတာ ဖော်ထုတ်ပြီးတော့ အဲ့ဒီကရတဲ့အခြေအနေပေါ်မူတည်ပြီးတော့အောင်မြင်အောင်ဆက်လုပ်ဖို့လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့အကြံပြုတင်ပြချင်ပါတယ်။ တိုက်တွန်းချင်ပါတယ်။

**စစ်ကိုင်းမြို့၊ ရွာသစ်ကြီးအမှတ်(၃) အထည်စက်ရုံအားဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မဖြစ်သေးတဲ့ကိစ္စကို မေးတယ်လို့ဆိုရင်လည်းဆိုနိုင်ပါတယ်။ ဒါပေမယ့်လို့ ပြီးခဲ့တဲ့ လွှတ်တော် နောက်ဆုံးနေ့မှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့မှ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ့်မဲဆန္ဒနယ်မြေကိုဆင်းပြီးတော့မှ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးကိစ္စတွေကိုလေ့လာပြီးတော့ ပြည်သူတွေအသံကိုနားထောင်ပြီး လွှတ်တော်မှာတင်ပြရမယ်လို့ ညွှန်ကြား

ခဲ့တဲ့အတွက် ကျွန်တော်တို့ ၂၂-၉-၂၀၁၃ ရက်နေ့မှာ ကျွန်တော် ရွာသစ်ကြီးကိုရောက်ပါတယ်။ ရောက်တော့ အဲ့ဒီမှာ ကျွန်တော်တို့ အမှတ် (၃) အထည်စက်ရုံ(စစ်ကိုင်း) ရွာသစ်ကြီးက အလုပ်သမား ၁၅ ယောက် ကျွန်တော်နဲ့တွေ့ပါတယ်။ တွေ့တဲ့အခါမှာ သူတို့စက်ရုံအရာရှိတွေက အလုပ်ခိုင်းတဲ့ အခါမှာ နည်းနည်းသူတို့မာန်မဲတယ်ပေါ့နော်။ အဲ့ဒီမှာ မင်းတို့ စက်ရုံဖျက်သိမ်းလိုက်ရင် မင်းတို့ ကောင်းကောင်းဒုက္ခရောက်သွားမယ်။ ဘာညာပြောတယ်တဲ့ အဲ့လိုပြောတော့ ကိုယ်စားလှယ်ကြီး အနေနဲ့ ဒီစက်ရုံဖျက်သိမ်းမှု/မသိမ်းမှုကို ပြောနိုင်ပါသလားဆိုတဲ့အခါ ကျွန်တော်က မပြောနိုင်ပါဘူး လို့ပြောပါတယ်။ အဲ့ဒီအခါမှာ ဒီအလုပ်သမားတွေက တော်တော်စိုးရိမ်ပူပန်မှုတွေဖြစ်တယ်တဲ့၊ ဖြစ်တဲ့ အခါကျတော့ ဒါကိုသိချင်ပါတယ်ဆိုလို့ ဒီမေးခွန်းဟာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ အဲ့ဒီလိုပေါ် ပေါက်လာတာနဲ့ တစ်ဆက်တစ်စပ်တည်းပဲ ကျွန်တော့်ဆီကို ဖုန်းဆက်ပါတယ်။ ဒီမေးခွန်းစက်ရုံကို ရောက်ပုံရပါတယ်။ အဲ့ဒီမှာ အခြားအလုပ်သမားတွေ အဆင်ပြေပါတယ်တဲ့။ ဒီလိုပြောဆိုခြင်း၊ မာန်မဲ ခြင်းလည်းမရှိတော့ဘူးတဲ့။ ဒါပေမယ့်လို့ အဲ့ဒီနေ့ကလာတွေ့တဲ့ အလုပ်သမား ၁၅ ယောက်ထဲက ကိုပြည့်စုံအောင်ဆိုတဲ့ကလေးကတော့ စက်မှုဘက်ကနေပြီးတော့ မိလ္လာဘက်ကို အပြောင်းခံလိုက်ရ တယ်လို့ ကျွန်တော့်ကိုပြောပါတယ်။ အဲ့ဒါတော့ ကျွန်တော်လည်း မတတ်နိုင်ပါဘူး။ အဲ့ဒီတော့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရွာသစ်ကြီး အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း) ဟာ ၁၉၇၀ ခုနှစ်ကစပြီးတော့မှ ဆောက်လုပ်မှု၊ စက်တပ်ဆင်မှုစီမံကိန်းများစတင်ပြီး ၁၉၇၂ ခုနှစ်မှာ ကုန်ထုတ်လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၀ ခုနှစ်စီမံကိန်း ကာလမှာစတင်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းများဟာ နီးစပ်ရာကျေးရွာများနှင့် တိုင်းနှင့်ပြည်နယ်အသီးသီးက ဝန်ထမ်းတွေဖြစ်ကြကြောင်း၊ အဲ့ဒီဝန်ထမ်းများဟာ စက်ရုံမှာ အသီးသီးတာဝန်ထမ်းဆောင်ရင်း အိမ်ထောင်ကျပြီးတော့မှ ဝန်ထမ်းအိမ်ရာများမှာ မှီခိုနေထိုင်ရင်း နောင်အနှစ် ၂၀ ကျော်တဲ့အခါ သူတို့ သားသမီးများဟာလည်းပဲ အလုပ်အကိုင်ရှားပါးမှု၊ နေထိုင်မှုအိမ်ရာပြဿနာများကြောင့် အဲ့ဒီစက်ရုံ မှာပဲ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ ဤကဲ့သို့ ဝန်ထမ်းမိသားစုများမှ သားသမီးအချို့ သည် စက်ရုံမှအနားယူသွားသော ပင်စင်စားမိအိုဖအိုများ၊ ၎င်းတို့သားသမီးများအား အလုပ်အကျွေး ပြုနိုင်ရန်နှင့် နေရာထိုင်ခင်းပေးနိုင်ရန်အတွက် စက်ရုံမှာပဲတာဝန်ထမ်းဆောင်ပြီး ဝန်ထမ်းအိမ်ရာများ မှာရယူပြီးတော့မှ စားဝတ်နေရေးကို အဆင်ပြေအောင် နေခဲ့ကြရပါကြောင်း၊ အခုအချိန်မှာ စက်မှု ဝန်ကြီးဌာနလက်အောက်ရှိ အထည်အလိပ်လုပ်ငန်းများကို ပုဂ္ဂလိကသို့ငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရပ်နားဖျက်သိမ်းခြင်းများဖြစ်ပေါ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဤကဲ့သို့

အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)အား ဖျက်သိမ်းရပ်နားဖြစ်ပေါ်ခဲ့ပါက နီးစပ်ရာကျေးရွာများမှ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများ အလုပ်လက်မဲ့ပြဿနာ၊ ဝန်ထမ်းအိမ်ရာနေထိုင်ရတဲ့ မိသားစု ၄၀၀ ခန့်၊ လူဦးရေ ၁၇၀၀ ယောက်ခန့်ဟာ စားဝတ်နေရေးပြဿနာများဖြစ်ပေါ်လာနိုင်ပါကြောင်း ၊ စက်ရုံသက်တမ်း ၄၁ နှစ်ကျော်ရှိ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)အား ရပ်နားဖျက်သိမ်းလိုက်မယ် ဆိုလို့ရှိရင် ဝန်ထမ်းအများစုရဲ့ ဝင်ငွေနည်းပါးမှုကြောင့် အခြားစက်ရုံအလုပ်ရုံများသို့ မိသားစုလိုက် ပြောင်းရွှေ့ရန်မဖြစ်နိုင်ကြောင်း ဝန်ထမ်းအိမ်ရာမှာမှီခိုနေထိုင်တဲ့ အိမ်ထောင်စု ၄၀၀ နဲ့ မှီခိုသူ ၁၇၀၀ ခန့်ဟာ စက်ရုံဖျက်သိမ်းခဲ့လို့ရှိရင် ဆက်လက်နေထိုင်စရာမရှိတော့ဘဲနဲ့ အတိဒုက္ခရောက်မယ့်အခြေ အနေမှာရှိနေကြောင်း၊ စက်ရုံရပ်နားဖျက်သိမ်းပြီးပါက ဝန်ထမ်းမိသားစုများရဲ့စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အမြန်ဆုံးဖန်တီးပေးနိုင်ရန် လိုအပ်လာမယ်ဖြစ်ပါကြောင်း၊ ဝန်ထမ်း အိမ်ရာ နေဝန်ထမ်းမိသားစုများရဲ့ သားသမီးများပညာသင်ကြားနိုင်ရေးအတွက် အ-လ-က အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း) ကျောင်းအား စက်ရုံဖျက်သိမ်းသော်လည်း ကျောင်းကိုမဖျက်သိမ်းပဲထားရှိ ရန်လိုအပ်မည်ဖြစ်ကြောင်းအစရှိတဲ့ စက်ရုံအလုပ်သမားများက စက်ရုံဖျက်သိမ်းမည်ဆိုတဲ့သတင်းများ ထွက်ပေါ်နေပါကြောင်းနဲ့ အထက်ပါအကြောင်းတို့ရဲ့ စိုးရိမ်ပူပန်မှုများကို တင်ပြလာတဲ့အတွက် အောက်ပါမေးခွန်းတစ်ခုကိုမေးမြန်းအပ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ အမှတ်(၃) အထည် စက်ရုံ(စစ်ကိုင်း)အား ရပ်နားဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ စစ်ကိုင်းမြို့၊ ရွာသစ်ကြီးအမှတ်(၃) အထည် စက်ရုံ(စစ်ကိုင်း)အား ဖျက်သိမ်းရန်အစီအစဉ်ရှိ/မရှိ သိလိုသောမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်မှာရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့မှာရှိတဲ့ အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း) ကို ၁၉၇၀ ခုနှစ်က တည်ထောင်ခဲ့ပြီးတော့ ၁၉၇၂ ခုနှစ်မှာကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါမှာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စီးပွားရေးကဏ္ဍများကိုလျှော့ချပြီးတော့ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများ တိုးမြှင့်ဆောင်ရွက်လျက်ရှိတဲ့အခါမှာ စက်မှုဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ ကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်တဲ့ စက်ရုံများမှအပ ကျန်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Pubilic Private Partnership)၊ ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture) နှင့် နှစ်တို/နှစ်ရှည်ငှားရမ်းခြင်း (Lease) ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် အထည်အလိပ်လုပ်ငန်းကြီးကြပ်မှုအောက်မှာရှိတဲ့ အထည်စက်ရုံများကို ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ငှားရမ်းခြင်းများကို သတင်းစာများမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ တင်ဒါခေါ်ယူပြီးတော့ ဆောင်ရွက်ခဲ့တဲ့အခါမှာ ယခုအခါမှာ ချည်မျှင်နှင့် အထည်စက်ရုံ ၃ ရုံ၊ စက်ရုံခွဲ ၂ ရုံ၊ အထည်ချုပ်စက်ရုံ ၃ ရုံတို့ကိုလည်း ပုဂ္ဂလိကသို့ ကျွန်တော်တို့ ငှားရမ်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ အမှတ် (၃) အထည်စက်ရုံ(စစ်ကိုင်း)ကိုတော့ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ သတင်းစာမှာ ၃ ကြိမ်တိုင်တင်ဒါခေါ်ယူပေမယ့် ဒီနေ့အချိန်ထိ တင်ဒါပေးသွင်းသူမရှိကြောင်း ကျွန်တော်တို့ တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ တင်ဒါဆက်လက်ခေါ်ယူသွားဖို့လည်း အစီအစဉ်ရှိပါတယ်။

အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း) မှာ အရာထမ်း ၂၁ ဦး၊ အမှုထမ်း ၁၁၄၇ ဦးနှင့် ယာယီ/နေ့စား ၁၀၁ ဦး စုစုပေါင်း ၁၂၆၉ ဦးရှိပြီးတော့ ဝန်ထမ်းအိမ်ရာ ၂၀၂ လုံးရှိပါတယ်။ ကျား ၂၇၁ ဦး၊ မ ၄၁၈ ဦး၊ စုစုပေါင်း ဝန်ထမ်းအိမ်ရာမှာ ၆၈၉ ဦး နေထိုင်လျက်ရှိကြပါတယ်။ အမှတ် (၃) အထည်စက်ရုံ(စစ်ကိုင်း)ကို လက်ရှိအနေအထားအရ ပုဂ္ဂလိကကို ငှားရမ်းခြင်းမရှိတဲ့အတွက်ကြောင့် လက်ရှိအတိုင်းပဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့သော်လည်း ရေရှည်မှာ အထည်စက်ရုံအနေနဲ့ စီးပွားရေးအရ ကျွန်တော်တို့ တွက်ချေမကိုက်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း) ကို တင်ဒါဆက်လက်ပြီးတော့ ခေါ်သွားမှာဖြစ်ပါတယ်။ ဒီလိုတင်ဒါခေါ်ပြီးတော့ ဆောင်ရွက်ပေမယ့်လည်း ဝန်ထမ်းများအနေနဲ့ စီစဉ်ထားတဲ့အချက်များရှိပါတယ်။ ဒါကတော့ ပုဂ္ဂလိကကုမ္ပဏီကို ငှားမယ်ဆိုရင် ပုဂ္ဂလိကကုမ္ပဏီကို လိုက်လိုတဲ့ဝန်ထမ်းများကိုတော့ နိုင်ငံ့ဝန်ထမ်းများရရှိခံစားနေတဲ့ လက်ရှိခံစားနေတဲ့လစာ နှုန်းထားအတိုင်း အပိုထောက်ပံ့ကြေးများအတိုင်းဆက်လက်ပြီးတော့ ရရှိခံစားသွားမှာဖြစ်ပါတယ်။ ဝန်ထမ်းများ၏ လစာနှစ်တိုးစရိတ်များနှင့် နိုင်ငံတော်ကချမှတ်ထားတဲ့ အမိန့်ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုထားတဲ့နှုန်းထားများအတိုင်း စက်ရုံငှားရမ်းတဲ့သူက ဆက်လက်လစာများပေးမှာဖြစ်ပါတယ်။ ဒီလိုပေးဖို့အတွက်လည်း

ပုဂ္ဂလိကနဲ့ငှားရမ်းတဲ့စာချုပ်တွေမှာလည်း ထည့်သွင်းပြီးတော့ ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ စက်ရုံငှားရမ်းတဲ့အတွက်ကြောင့် ကုမ္ပဏီသို့ လိုက်သွားလိုတဲ့ဝန်ထမ်းများကိုလည်း လက်ရှိနေထိုင်တဲ့အိမ်ရာမှာဆက်လက်ပြီးတော့ နေထိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒီလိုပုဂ္ဂလိကကိုလိုက်သွားတဲ့ ဝန်ထမ်းများအတွက်လည်း လူမှုဖူလုံရေးအကျိုးခံစားခွင့်များကိုလည်း ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအတိုင်းရရှိခံစားမှာဖြစ်ပါတယ်။ ထိုနည်းအတူပဲ ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂) အငြိမ်းစားယူခြင်း၊ ပုဒ်မ ၆၂ အရ အသက် ၅၅ နှစ်ပြည့်တဲ့လူတွေ၊ လုပ်သက် နှစ် ၃၀ နှစ်ပြည့်တဲ့လူတွေကိုလည်း လုပ်သက်နှစ်ပြည့်ခံစားလိုပါကလည်း ခံစားခွင့်ပြုမှာဖြစ်ပါတယ်။

ဒီလိုခံစားတဲ့လူတွေကလည်း ပုဂ္ဂလိကကုမ္ပဏီမှာ ဆက်လက်ပြီးတော့ လစာနဲ့စရိတ်များဆက်လက်ခံစားသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီမှာ ဆက်လက်အမှုထမ်းဆောင်လိုတဲ့ ဝန်ထမ်းများအနေနဲ့ကလည်း နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားတဲ့ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၄၂၆ အရ လျော်ကြေးပင်စင်များရရှိခံစားရမှာဖြစ်သလိုပဲ ငှားရမ်းကုမ္ပဏီမှပေးတဲ့ လုပ်ခ၊ လစာများကိုလည်းရရှိခံစားရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသို့ လိုက်ပါခြင်းမပြုဘဲ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်လိုတဲ့ဝန်ထမ်းများကိုလည်း ဝန်ကြီးဌာနအတွင်းမှာ လစ်လပ်နေတဲ့ ရာထူးတူ/လစာနှုန်းတူနေရာများသို့ ပြောင်းရွှေ့ပေးမှာဖြစ်သလိုပဲ အခြားဝန်ကြီးဌာနများသို့ ကူးပြောင်းထမ်းဆောင်လိုတဲ့ဝန်ထမ်းများအတွက်လည်း ဝန်ကြီးဌာန အချင်းချင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒါ့ကြောင့် အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)မှာရှိတဲ့ ဝန်ထမ်းမိသားစုများအနေနဲ့လည်း လက်ရှိအားဖြင့်လည်းနေထိုင်လို့ရသလိုပဲ စက်ရုံအတွင်းမှာ ဖွင့်လှစ်ထားတဲ့ အလယ်တန်းကျောင်းမှာလည်းပညာဆက်လက်ပညာသင်ကြားနိုင်ခွင့်လည်းရှိပါတယ်။ သို့ဖြစ်ပါ၍ အမှတ် (၃) အထည်စက်ရုံ(စစ်ကိုင်း)အား ဖျက်သိမ်းရန်အစီအစဉ်မရှိဘဲ နိုင်ငံတော်ရဲ့လိုအပ်ချက်အရသာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ငှားရမ်းခြင်းစသည်ဖြင့် ဆောင်ရွက်သွားမှာဖြစ်သလိုဝန်ထမ်းများအတွက်လည်းအခက်အခဲမရှိစေရေးအတွက်စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းခဲ့ပြီး ဆွေးနွေးဆောင်ရွက်ဆဲဖြစ်သည့် အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို ရုပ်သိမ်းခြင်းအား လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းခဲ့တဲ့ ဆွေးနွေးဆဲဖြစ်သော အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို ရုပ်သိမ်း၍ အသစ်တင်သွင်းလိုကြောင်း ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်ပြလာပါတယ်။ ဒါကြောင့် ပထမပိုင်းအနေနဲ့ ဆွေးနွေးဆဲဖြစ်တဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို ရုပ်သိမ်းလိုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရန် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ အတွင်းရေးမှူးဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ နဝတလက်ထက်က ထုတ်ပြန်ခဲ့တဲ့ အမိန့်အမှတ်(၆/၈၈) အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးတင်ပြဖို့အတွက် ကျွန်တော်တို့ အဆိုပြုတင်သွင်းခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း နိုင်ငံတော် သတင်းစာများမှာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာ တရားဝင်ကြေညာခဲ့တာ အားလုံးတွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မူလတင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်လို့ ပြည်တွင်းပြည်ပအသင်းအဖွဲ့များရဲ့ဆွေးနွေးချက်များအရ ဒီထက်ကောင်းမွန်တဲ့ ဥပဒေတစ်ရပ်ကိုဖော်ဆောင်ပေးနိုင်တဲ့အစွမ်းလည်း ကျွန်တော်တို့လွှတ်တော်မှာရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်တွင်းပြည်ပအသင်းအဖွဲ့တွေ၊ ကျွန်တော်တို့ ကော်မတီ၊ ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန စသဖြင့် ၇ ကြိမ်ဆွေးနွေးပြီးတော့ ကျွန်တော်တို့ ဒီထက်ကောင်းမွန်တဲ့ ဥပဒေတစ်ရပ်ကို ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် နဂိုတင်ပြခဲ့သော အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို ရုပ်သိမ်းခွင့်ပြုနိုင်ဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ တင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီရဲ့သဘောထားသိလိုပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ဖြစ်တဲ့ ၁၈-၇-၂၀၁၃ ရက်နေ့မှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီက တင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်မှာ လက်ခံဆွေးနွေးရန် သဘောတူခဲ့ပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီအနေနဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သို့ ကော်မတီအစီရင်ခံစာတင်သွင်းခဲ့ပြီးတဲ့နောက် ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးနဲ့လည်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကာလအတောအတွင်းမှာပဲ ပြည်သူများရဲ့ အကြံပြုချက်နှင့်အညီ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဟာ တစ်သီးပုဂ္ဂလများနှင့်လည်းကောင်း၊ အသင်းအဖွဲ့များနှင့်လည်းကောင်း၊ NGO, INGO များနှင့်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်နှင့် ကြိမ်ဖန်များစွာဆွေးနွေးခဲ့ပြီး ပြုစုခဲ့တဲ့ ဥပဒေကြမ်းကိုထပ်မံတင်သွင်းလာကြောင်းလေ့လာတွေ့ရှိရပါတယ်။ အခုတင်သွင်းလာတဲ့ ဥပဒေကြမ်းဟာ မူလက တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းနှင့် မူအားဖြင့်သော်လည်းကောင်း၊ အနှစ်သာရအားဖြင့်သော်လည်းကောင်းမတူညီတော့ပါ။ ယခုတင်သွင်းလာတဲ့ ဥပဒေကြမ်းဟာ နိုင်ငံတကာစံနှုန်းပေါ်အခြေခံပြီး လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်လည်း ချိတ်ဆက်ထားတဲ့ ဥပဒေကြမ်းဖြစ်တယ်ဆိုတာကိုလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် မူလကတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းကို ရုပ်သိမ်းပြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ယခုတင်သွင်းတဲ့ ဥပဒေကြမ်းကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကော်မတီရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းခဲ့တဲ့ ဆွေးနွေးဆဲဖြစ်သော အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ရုပ်သိမ်းရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို ရုပ်သိမ်းကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယပိုင်း အနေနဲ့ ပြည်သူ့ရေးရာစီမံခန့်မှုကော်မတီက ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ (ခ)အရ အသစ်တင်သွင်းတဲ့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ပြည်သူ့ရေးရာစီမံခန့်မှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အနေနဲ့ မူလတင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းအစား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)မှာပါရှိတဲ့ လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိတယ်ဆိုတဲ့ သဘောတရားကိုခံယူပြီးတော့ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းခြင်းကို ဆောင်ရွက်ခြင်းမပြုဘဲ အသင်းအဖွဲ့များဆိုင်ရာ မှတ်ပုံတင်ခြင်း ကိုသာ ဥပဒေအဖြစ် ဆက်လက်ပြီးတော့ ရေးဆွဲဆောင်ရွက်ဖို့ ပြုလုပ်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မူလအကြိမ်ပေါင်း ၇ ကြိမ် ပြီးခဲ့တဲ့ ၈ လပိုင်း ၁၆ ရက်နေ့အထိ ဆွေးနွေးခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ နိုင်ငံတကာအသင်းအဖွဲ့များကလည်း ဆွေးနွေးဖို့အတွက် အကြံပြုလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အောက်တိုဘာလ ၉ ရက်နေ့မှာ သိဂ်ဟပိုတယ်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအသင်းအဖွဲ့များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ပထမအကြိမ် စတင်ဆွေးနွေးပါတယ်။ အလားတူပဲ အောက်တိုဘာလ ၁၀ ရက်နေ့မှာ ရုံးအမှတ်(၂၀)မှာ ပြည်တွင်းအသင်းအဖွဲ့များနှင့် နိုင်ငံတကာအစိုးရမဟုတ်တဲ့ အသင်းအဖွဲ့များ၊ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ် များနှင့် ဒုတိယ အကြိမ်ဆွေးနွေးပါတယ်။ အောက်တိုဘာလ ၁၀ ရက်နေ့မှာ ကျွန်တော်တို့ ကော်မတီ (I-2) ဆောင်မှာပဲ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ထပ်မံဆွေးနွေးပါတယ်။ အလားတူ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ရန်ကုန်မှာ သက်ဆိုင်ရာ နိုင်ငံတကာအသင်းအဖွဲ့များနှင့် ထပ်မံဆွေးနွေးပြီးတော့ နောက်ဆုံးထွက်ပေါ်လာတဲ့

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပုဒ်မ ၃၇ ခုနှင့် ရေးဆွဲပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းမှာပါဝင်တဲ့အချက်များသည် မူလရုပ်သိမ်းခဲ့တဲ့ ဥပဒေနှင့် ခုနက ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ တင်ပြသလိုပဲ များစွာအနှစ်သာရအားဖြင့်ကွာခြားပါတယ်။ ကျွန်တော်တို့ ပြစ်မှု ပြစ်ဒဏ်များပါရှိခြင်းမရှိပါဘူး။ နိုင်ငံတော်ရဲ့ အသင်းအဖွဲ့များ အမှန်တကယ်ဖွံ့ဖြိုးလာဖို့အတွက် အထောက်အကူပြုနိုင်ဖို့အတွက်ရည်ရွယ်ပြီးတော့ ရေးဆွဲခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်မှ လက်ခံဆွေးနွေးနိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်ကြီး များကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းသွားတဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအဆိုနှင့် ပတ်သက်ပြီးမရှိမဖြစ် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး အမှန်တကယ်လိုအပ်နေသော ဥပဒေ ဖြစ်တဲ့အတွက် လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်ပြချက်၊ အဆိုပြုချက်များအပေါ်မူတည်ပြီးတော့ အသင်းအဖွဲ့များ မှတ်ပုံတင် ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အသင်းအဖွဲ့ များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]**